Australian Government
Department of Home Affairs

# ဩစတြေးလျတွင် နိုင်ငံခြား ပါဝင်ဖက်စွက်မှုများကို တားဆီးခြင်း

ပိုမိုလုံခြုံသော ဩစတြေးလျအတွက်
အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း



© ဩစတြေးလျနိုင်ငံ ၂၀၂၄

ဓနသဟာယ နိုင်ငံတော် တံဆိပ်မှလွဲ၍ ဤစာတမ်းပါ အကြောင်းအရာအားလုံးကို Creative Commons Attribution 4.0 နိုင်ငံတကာလိုင်စင်အောက်တွင် ပံ့ပိုးပေးထားပါသည်။ ဤတွင်ဖတ်ပါ https://creativecommons.org/licenses/by/4.0/legalcode။

ဆိုလိုသည်မှာ ဤလိုင်စင်သည် ယခုစာတမ်းများတွင် ထည့်သွင်းထားသည့် အချက်အလက်များနှင့် သက်ဆိုင်သည့်သဘောဖြစ်သည်။ သက်ဆိုင်ရာလိုင်စင်အခြေအနေများ၏အသေးစိတ်အချက်အလက်များကို Creative Commons https://creativecommons.org ဝဘ်ဆိုဒ်တွင် ရရှိနိုင်ပါသည်။ CC BY 4.0 လိုင်စင်အတွက် တရားဝင် ခွင့်ပြုချက် အပြည့်အစုံ https://creativecommons.org/licenses/by/4.0/legalcode. ရှိပါသည်။

## နိုင်ငံတော်တံဆိပ် အသုံးပြုခြင်း

နိုင်ငံတော်တံဆိပ်ကို အသုံးပြုနိုင်သည့် စည်းကမ်းချက်များကို ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ ဝဘ်ဆိုဒ်တွင် အသေးစိတ်ဖော်ပြထားသည်။ https:// www.pmc.gov.au/government/commonwealth-coat-arms.

## ဆက်သွယ်ရန်

လိုင်စင်နှင့် ပတ်သက်သော စုံစမ်းမေးမြန်းမှုများနှင့် ဤစာရွက်စာတမ်းကို အသုံးပြုမှုများအတွက် အောက်တွင် မေးမြန်းနိုင်ပါသည်-

ပြည်ထဲရေးဌာန

PO Box 25

BELCONNEN ACT 2616

# နိုင်ငံခြားပါဝင်ဖက်စွက်မှုသည် ကျွန်ုပ်တို့၏လူ့ဘောင်အတွက် အန္တရာယ်တစ်ရပ် ဖြစ်သည်။

တန်ပြန်ထောက်လှမ်းမှုနှင့် နိုင်ငံခြားပါဝင်ဖက်စွက်မှုများသည် ဩစတြေးလျ၏ အချုပ်အခြာ၊ ဒီမိုကရေစီ၊ အခြေခံအယူအဆများနှင့် နိုင်ငံတော်အကျိုးများတို့နှင့် သက်ဆိုင်သည့် ကျွန်ုပ်တို့၏ လူ့ဘောင်ကို ခြိမ်းခြောက်နေသည်။

ဩစတြေးလျသည် နိုင်ငံများစွာမှ ခေတ်မီနည်းဖြင့် အမြဲပြုလုပ်သော နိုင်ငံခြားပါဝင်ဖက်စွက်မှုများ၏ ပစ်မှတ်ဖြစ်နေသည်။

လုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခင်ပြောကြားခဲ့သည့်အတိုင်း 'ကျွန်ုပ်တို့၏ လူ့ဘောင်ကို ခြိမ်းခြောက်သော အန္တရာယ်များသည် ဩစတြေးလျအတွက် လုံခြုံရေးအရ အဓိကအလေးထားစရာများ ဖြစ်သည်။ ဩစတြေးလျလုံခြုံရေး ထောက်လှမ်းရေးဌာနမှ တွေ့ရှိချက်များ၊ စစ်ဆေးချက်များ၊ သုံးသပ်ချက်များနှင့် ဟန့်တားချက်များအရ ဩစတြေးလျ ပြည်သူများသည် တန်ပြန်ထောက်လှမ်းမှုနှင့် နိုင်ငံခြားနှောက်ယှက်မှုများအတွက် ယခုအခါ ပိုမိုပစ်မှတ်ထားခံနေရသည်။'

နိုင်ငံခြားပါဝင်ဖက်စွက်မှုကို မတုံ့ပြန်နိုင်ပါက ဩစတြေးလျအတွက် နောင်တွင် ရေရှည် ဆိုးကျိုးများ ဖြစ်ပေါ်နိုင်သည်။

စစ်ဆေးတားဆီးမှု မရှိပါက ၎င်းသည် ကျွန်ုပ်တို့၏ ဒီမိုကရေစီအယူအဆများ၊ ပြည်သူ့အခွင့်အရေးများ၊ အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးတိုးတက်မှု၊ စာနယ်ဇင်းနှင့် လူထုညီညွတ်မှုတို့ကို ဆက်လက် ပျက်ပြားစေပါမည်။

ဤစာတမ်းတွင် အောက်ပါတို့ကို ဖော်ပြထားသည် -

- အန္တရာယ်အရှိနိုင်ဆုံးသူများသည် မည်သူများ ဖြစ်မည်နည်း။
- နိုင်ငံခြားပါဝင်ဖက်စွက်မှုများကို ဖြေရှင်းရန် နိုင်ငံတော်အစိုးရက မည်သည်တို့ ဆောင်ရွက်နေသနည်း။
- တစ်ဦးချင်းနှင့် အဖွဲ့အစည်းများက မိမိတို့ကိုယ်ကို မည်သို့ကာကွယ်နိုင်သနည်း။

**နိုင်ငံခြားပါဝင်ဖက်စွက်မှုသည် ဩစတြေးလျတွင် ပြစ်မှုတစ်ရပ်ဖြစ်ပြီး၊**
ဓနသဟာယ ရာဇဝတ်ကျင့်ထုံးဥပဒေ ၁၉၉၅ အရ အများဆုံး ထောင်ဒဏ်နှစ် ၂၀ အထိ အပြစ်ပေးနိုင်သည်။

# မာတိကာ


**နိုင်ငံခြားပါဝင်ဖက်စွက်မှုသည် ကျွန်ုပ်တို့၏လူဘောင်အတွက် အန္တရာယ်တစ်ရပ် ဖြစ်သည်။ .......... 3**

**မာတိကာ .......... 4**

**နိုင်ငံခြားပါဝင်ဖက်စွက်မှုကို သံသယရှိပါက မည်သို့တိုင်ကြားမည်နည်း .......... 5**

တစ်ဦးချင်းနှင့် ပုံမှန်တိုင်ကြားမှုများအတွက် .......... 5

အစိုးရ၊ ဩစတြေးလျ စီးပွားရေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများအတွက် .......... 5

**နိုင်ငံခြားပါဝင်ဖက်စွက်မှုဆိုသည်မှာ အဘယ်နည်း .......... 6**

နိုင်ငံခြားအစိုးရ၏ ပါဝင်ဖက်စွက်မှုပစ်မှတ်များ .......... 6

တန်ပြန်ထောက်လှမ်းမှုဆိုသည်မှာ အဘယ်နည်း .......... 6

**နိုင်ငံခြားပါဝင်ဖက်စွက်မှုအန္တရာယ်အရှိဆုံးသူများသည် မည်သူ ဖြစ်မည်နည်း .......... 7**

လူမှုအသိုင်းအဝိုင်းများ .......... 7

ဒီမိုကရေစီအဖွဲ့အစည်းများ .......... 8

အဆင့်မြင့်ပညာရေးနှင့် သုတေသန .......... 9

စက်မှုလုပ်ငန်း .......... 10

သတင်းစာနယ်ဇင်းနှင့် ဆက်သွယ်ရေး .......... 11

**နိုင်ငံခြားပါဝင်ဖက်စွက်မှုအန္တရာယ်နည်းပါးရန်  သင် မည်သို့ လုပ်နိုင်သနည်း .......... 12**

တစ်ဦးချင်းအနေဖြင့် .......... 12

အစိုးရနှင့် စက်မှုလုပ်ငန်းများအနေဖြင့် .......... 13

**နိုင်ငံခြားပါဝင်ဖက်စွက်မှုကို တားဆီးရန် အစိုးရက မည်သည်တို့ ဆောင်ရွက်နေသနည်း .......... 14**

ဥပဒေရေးဆွဲချမှတ်ခြင်း .......... 14

ထပ်ဆောင်းဆောင်ရွက်ချက်များ .......... 15

# နိုင်ငံခြားပါဝင်ဖက်စွက်မှုကို သံသယရှိပါက မည်သို့တိုင်ကြားမည်နည်း

**အရေးပေါ်အခြေအနေတွင်- ၀၀၀သို့ ဖုန်းခေါ်ပါ**

## တစ်ဦးချင်းနှင့် ပုံမှန်တိုင်ကြားမှုများအတွက်

### နိုင်ငံတော်လုံခြုံရေးအထူးဖုန်းလိုင်း

- ဖုန်းခေါ်ရန်- ၁၈၀၀ ၁၂၃၄ ၀၀ (ဩစတြေးလျပြင်ပ - (+၆၁) ၁၃၀၀ ၁၂၃၄ ၀၁)
- အီးမေးလ်-hotline@nationalsecurity.gov.au

နိုင်ငံတော် လုံခြုံရေး အထူးဖုန်းလိုင်းသို့ သတင်းပို့ချက်များကို အမည်မဖော်ဘဲ ပေးပို့နိုင်ပြီး၊ ထိုသတင်းများကို သက်ဆိုင်ရာ ဥပဒေတရားစိုးမိုးရေးနှင့် လုံခြုံရေးဌာနများသို့ ပေးပို့ကာ စိစစ်ဆောင်ရွက်ပါမည်။

## အစိုးရ၊ ဩစတြေးလျ စီးပွားရေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများအတွက်

### သတင်းပေးရမည့် ဖြစ်ရပ်များ ခြိမ်းခြောက်မှုများနှင့် အသိပေးနိုင်သည့်တွေ့ရှိချက်များ (NITRO) ပေါ်တယ်

- စိတ်ချရသော ဝဘ်ဆိုဒ်ပေါ်တယ် - Home | NITRO (asio.gov.au)

NITRO သည် ဩစတြေးလျ စီးပွားရေးလုပ်ငန်းများနှင့် သုတေသနအဖွဲ့အစည်းများအတွက် သံသယရှိဖွယ်လှုပ်ရှားမှုများ၊ ရန်စမှု၊ နှောင့်ယှက်မှု၊ အကျပ်ကိုင်မှု၊ ခြိမ်းခြောက်မှုဆိုင်ရာဖြစ်ရပ်များ တိုင်ကြားနိုင်ရန် စီစဉ်ထားသော အင်တာနက် လမ်းကြောင်းတစ်ခု ဖြစ်ပါသည်။

# နိုင်ငံခြားပါဝင်ဖက်စွက်မှုဆိုသည်မှာ အဘယ်နည်း

နိုင်ငံခြားပါဝင်ဖက်စွက်မှုဆိုသည်မှာ နိုင်ငံခြားအာဏာတစ်ခုမှ ကိုယ်တိုင်၊ ကိုယ်စား၊ ညွှန်ကြားထောက်ပံ့ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ဆောင်ရွက်သည့် လှုပ်ရှားမှုများကို ဆိုလိုပြီး အောက်ပါတစ်ခုခု ပါဝင်နိုင်သည်။

- တစ်ဦးဦးအပေါ် ခြိမ်းခြောက်မှု သို့မဟုတ်
- လျှို့ဝှက်စွာ သို့မဟုတ် လှည့်ဖျား၍ ဩစတြေးလျ၏ အကျိုးစီးပွားများကို ထိခိုက်စေသောအရ

## နိုင်ငံခြားအစိုးရ၏ ပါဝင်ဖက်စွက်မှုပစ်မှတ်များ

- လူများ – လာဘ်စားမှု သို့မဟုတ် အကျပ်ကိုင်မှုများကို ခံနိုင်ရည်နည်းသူများ၊ သို့မဟုတ် နိုင်ငံခြားအစိုးရအတွက် မိမိကိုယ်တိုင်မသိဘဲ လှည့်စားခံရပြီး ဆောင်ရွက်မည့်သူများ။
- အခြေခံအဆောက်အအုံများနှင့် အဖွဲ့အစည်းများ – ထိန်းချုပ်နိုင်သော၊ အသုံးချနိုင်သော သို့မဟုတ် နှောင့်ယှက်နိုင်သော
- သတင်းအချက်အလက်များ – ခိုးယူနိုင်သော၊ ပြောင်းလဲနိုင်သော၊ သို့မဟုတ် ဖန်တီးနိုင်သော

## တန်ပြန်ထောက်လှမ်းမှုဆိုသည်မှာ အဘယ်နည်း

- တန်ပြန်ထောက်လှမ်းမှုဆိုသည်မှာ ဩစတြေးလျအပေါ် အသာစီးရလိုသော နိုင်ငံခြားအာဏာကိုယ်စား ဆောင်ရွက်သူ သို့မဟုတ် အဆိုပါနိုင်ငံခြားအာဏာသို့ သတင်းများကို ပေးပို့ရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

### နိုင်ငံခြားသြဇာလွှမ်းမိုးမှုသည် နိုင်ငံခြားပါဝင်ဖက်စွက်မှုနှင့် မည်သို့ကွာခြားသနည်း

**နိုင်ငံခြားပါဝင်ဖက်စွက်မှုနှင့် နိုင်ငံခြားသြဇာလွှမ်းမိုးမှုတို့ကို ခွဲခြားသိနိုင်ရန် အရေးကြီးပါသည်။**

- ဩစတြေးလျအစိုးရအပါအဝင် နိုင်ငံတိုင်း၏အစိုးရများသည် မိမိတို့အတွက် အရေးကြီးသည့်ကိစ္စရပ်များအပေါ် လွှမ်းမိုးမှုရှိစေရန် ကြိုးပမ်းကြပါသည်
- နိုင်ငံခြားသြဇာလွှမ်းမိုးမှုဆိုသည်မှာ ပွင့်လင်းမြင်သာပြီး ကျွန်ုပ်တို့၏ပြည်သူများ၊ လူ့ဘောင်နှင့် ဒီမိုကရေစီစနစ်တို့ကိုလည်း လေးစားမှုရှိသော ဆောင်ရွက်မှုများ ဖြစ်သည်။
- နိုင်ငံခြားသြဇာလွှမ်းမိုးမှုတွင် သံတမန်ရေးရာဆောင်ရွက်မှုများ၊ နိုင်ငံရေးစည်းရုံးမှု၊ ဆက်သွယ်ရေး လှုပ်ရှားမှုများ၊ ငွေထုတ်ပေးမှုများနှင့် ယဉ်ကျေးမှုသံတမန်ရေးရာတို့ ပါဝင်နိုင်သည်။

ပွင့်လင်းမြင်သာသောနည်းလမ်းဖြင့် ဆောင်ရွက်သည့်အခါ ထိုလှုပ်ရှားမှုများသည် နိုင်ငံခြားပါဝင်ဖက်စွက်မှု မဟုတ်ပါ။

# နိုင်ငံခြားပါဝင်ဖက်စွက်မှုအန္တရာယ်အရှိဆုံးသူများသည် မည်သူ ဖြစ်မည်နည်း

နိုင်ငံခြားအစိုးရများသည် ဩစတြေးလျ၏ လူ့အသိုင်းအဝိုင်း အပိုင်းမျိုးစုံကို နည်းပေါင်းစုံဖြင့် ပစ်မှတ်ထားနေပါသည်။

## လူမှုအသိုင်းအဝိုင်းများ

နိုင်ငံခြားပါဝင်ဖက်စွက်မှုအန္တရာယ်သည် ဩစတြေးလျ လူမှုအသိုင်းအဝိုင်းအားလုံးနှင့် သက်ဆိုင်သော်လည်း နိုင်ငံရပ်ခြားမှ အခြေချသူများသည် ၎င်းတို့ကို ထိန်းချုပ်လိုသော နိုင်ငံခြားအစိုးရများ၏အန္တရာယ်များကို ပိုမိုရရှိနိုင်သည်။

လူမှုအသိုင်းအဝိုင်းအတွင်းရှိ နိုင်ငံခြားပါဝင်ဖက်စွက်မှုများမှာ ပုံစံမျိုးစုံဖြစ်နိုင်ပြီး၊ အောက်ပါတို့ ပါဝင်နိုင်သည် -

- နိုင်ငံခြားအစိုးရအနေဖြင့် သဘောထားဆန့်ကျင်သူများကို ခြိမ်းခြောက်ခြင်း၊ လူအားဖြင့် သို့မဟုတ် အီလက်ထရောနစ် နည်းဖြင့် စောင့်ကြည့်ခြင်း၊ ဖမ်းဆီးခြင်း သို့မဟုတ် ကိုယ်ထိလက်ရောက်တိုက်ခိုက်ခြင်း။
- ဒီမိုကရေစီဆောင်ရွက်မှုများကို အနှောင့်အယှက်ပေးခြင်းနှင့် လူမှုရေးဆက်ဆံရေးများကို ပျက်ပြားစေခြင်း။
- လူတစ်ဦး သို့မဟုတ် အုပ်စုတစ်ခု၏ဂုဏ်သိက္ခာ ကျစေရန်၊ အရှက်ရစေရန်  အွန်လိုင်းသတင်းဆောင်ရွက်မှုများ။
- နိုင်ငံခြားအစိုးရ၏ စီးပွားရေး သို့မဟုတ် နိုင်ငံရေးအကျိုးအမြတ်အတွက် တစ်ဦးတစ်ယောက်အား ဆောင်ရွက်ပေးစေရန် ၎င်းတို့၏ မိသားစု သို့မဟုတ် နိုင်ငံခြားရှိသော အပေါင်းအဖော်များကို ခြိမ်းခြောက်ခြင်း။
- သဘောတူထားသည့် လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များကို မလိုက်နာဘဲ၊ ဩစတြေးလျမှ မူရင်းနိုင်ငံသို့ ပြန်သွားစေရန် ဩစတြေးလျနိုင်ငံသားများကို ဖိအားပေးခြင်း။

နိုင်ငံခြားပါဝင်ဖက်စွက်မှုသည် လူမှုအသိုင်းအဝိုင်းအပေါ် အောက်ပါသက်ရောက်မှုများကို ဖြစ်စေနိုင်သည်။

- လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များသည် အများပြည်သူဆွေးနွေးပွဲများတွင် လွတ်လပ်စွာ မပါဝင်နိုင်ခြင်း။
- လူမှုအဖွဲ့ဝင်များသည် ကိုယ်တိုင်ပါဝင်မှု ကန့်သတ်၍ လူ့အဖွဲ့အစည်းများမှ ဝေးကွာလာခြင်း။

**ဥပမာ-  ဆန္ဒပြသူများကို ခြိမ်းခြောက်ခြင်း**

ဂျက်စီသည် နိုင်ငံတစ်နိုင်ငံ၏နိုင်ငံရေးအကြောင်းအတွက် ဩစတြေးလျမြို့တစ်မြို့တွင် ကျင်းပသော တရားဝင် ဆန္ဒပြပွဲတစ်ခုသို့ တက်ရောက်သည်။ ထိုဆန္ဒပြပွဲအတွင်း ဂျက်စီသည် ဆန္ဒပြသူများအား ဓာတ်ပုံဗီဒီယို ရိုက်ကူးနေသောသူတစ်ဦးကို သတိပြုမိသည်။ ထိုဆန္ဒပြပွဲနောက်တွင် ဂျက်စီသည် အွန်လိုင်းပေါ်တွင် ခြိမ်းခြောက်ခြင်း ခံခဲ့ရသည်။ ထို့နောက် ဂျက်စီ၏ ဩစတြေးလျအတွင်း ဆောင်ရွက်မှုများကြောင့် နိုင်ငံခြားရှိ ဂျက်စီ၏ မိသားစုကို ဒေသခံအာဏာပိုင်များက စုံစမ်းမေးမြန်းခြင်း၊  အန္တရာယ်ဖြစ်နိုင်သည်ဟု ခြိမ်းခြောက်ခြင်းတို့ ကြုံတွေ့လာရသည်။  နောက်ထပ်နှောင့်ယှက်ခံရမည်ကိုကြောက်ရွံ့သောကြောင့် ဂျက်စီသည် မိမိ၏အပြုအမူနှင့် ပြောဆိုမှုများကို ကိုယ်တိုင်ကန့်သတ်၍ လွတ်လပ်စွာအမြင်ဖော်ပြခွင့်နှင့် ဩစတြေးလျအသိုင်းအဝိုင်းတွင် လှုပ်ရှားပါဝင်ခွင့်ကို ရပ်နားခဲ့ရသည်။

## ဒီမိုကရေစီအဖွဲ့အစည်းများ

နိုင်ငံခြားပါဝင်ဖက်စွက်မှုသည် ဩစတြေးလျပြည်သူတို့၏ ဒီမိုကရေစီတန်ဖိုးများအပေါ် ထိန်းသိမ်းမှုကို စိန်ခေါ် နိုင်ပြီး၊ ကျွန်ုပ်တို့၏ ဒီမိုကရေစီစနစ်တည်ငြိမ်ခိုင်မာမှုအပေါ် ယုံကြည်မှုကို လျော့နည်းစေနိုင်သည်။ ကမ္ဘာအနှံ့ရှိ နိုင်ငံခြားအစိုးရများက ဒီမိုကရေစီစနစ်များ ပျက်ပြားစေရန်အတွက် ရွေးကောက်ပွဲ၊ နိုင်ငံရေးနှင့် အစိုးရလုပ်ငန်းအနှောင့်အယှက်များကို အောက်ပါနည်းများသုံး၍ ဆောင်ရွက်ကြသည်။

- နိုင်ငံခြားအစိုးရအတွက် အကျိုးရှိနိုင်သော ကိုယ်စားလှယ်၊ နိုင်ငံရေးပါတီအတွက် ရွေးကောက်ပွဲရလဒ် ပြောင်းလဲစေရန် ကြိုးပမ်းခြင်း။
- နိုင်ငံရေးကိုယ်စားလှယ်များ၊ နိုင်ငံရေးဝန်ထမ်းများ၊ အစိုးရအရာရှိများအား ဩစတြေးလျအကျိုးထက် နိုင်ငံခြား အစိုးရအကျိုးကို ဖြစ်စေရန် ထိန်းချုပ်ခြင်း၊ အကျပ်ကိုင်ခြင်း သို့မဟုတ် လာဘ်ပေးခြင်းဖြင့် ကြိုးပမ်းခြင်း။
- ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီအစိုးရတို့၏ တည်ငြိမ်ခိုင်မာမှုအပေါ် မဲဆန္ဒရှင်များ၏ ယုံကြည်ကိုးစားမှုကို လျှော့ချရန် မဟုတ်မမှန်သတင်းများ ဖြန့်ဝေခြင်း။

### ဥပမာ- ဩစတြေးလျနိုင်ငံရေးတွင် ပါဝင်ဖက်စွက်မှု

ဩစတြေးလျနိုင်ငံရေးသမားတစ်ဦး၏ နိုင်ငံရေးမဲဆွယ်ပွဲအတွက် လှူဒါန်းရန် ဩစတြေးလျ လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင် တစ်ဦးအား နိုင်ငံခြားအာဏာမှ ညွှန်ကြားထားသည်။ ထိုဩစတြေးလျနိုင်ငံရေးသမားသည် နောက်ပိုင်းတွင် ထိုလူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်အပေါ် အပြုသဘောဆောင်သော သဘောထားရှိပြီး၊ နိုင်ငံခြားအာဏာအပေါ် အကျိုးရှိသော ကိစ္စရပ်တစ်ခုတွင် သီးခြားရပ်တည်ချက်တစ်ခု ပေးရန်အတွက် ထိုသူ၏ တောင်းဆိုချက်ကို သဘောတူသည်။ ဤလုပ်ရပ်တွင် ပါဝင်ရန် နိုင်ငံခြားအာဏာက ညွှန်ကြားထားကြောင်းကို ထိုဩစတြေးလျနိုင်ငံရေးသမားအား ထိုသူက မပြောပြပါ။

ဤဥပမာတွင်၊ နိုင်ငံခြားအာဏာနှင့် လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်တို့သည် နိုင်ငံခြားနှောက်ယှက်မှုလုပ်ရပ်အတွင်း ပါဝင်မှုရှိသော်လည်း၊ နိုင်ငံရေးသမားသည် နိုင်ငံခြားအာဏာ၏ လျှို့ဝှက်ပါဝင်ပတ်သက်မှုကို မသိရှိသဖြင့်၊ ထိုသူမှာ ထိုနှောက်ယှက်မှုတွင် ပါဝင်သူ မဟုတ်ပါ။

## အဆင့်မြင့်ပညာရေးနှင့် သုတေသန

နိုင်ငံခြားပါဝင်ဖက်စွက်မှုများသည် ဩစတြေးလျတက္ကသိုလ်များနှင့် အခြားပညာရေးဌာနများတွင် ပညာရေးလွတ်လပ်ခွင့်များကို ထိခိုက်စေနိုင်သည်။ နိုင်ငံခြားအစိုးရများသည် ပညာရှင်များကို စည်းရုံးကာ ၎င်းတို့၏ သုတေသန ပြောင်းလဲရန် ကြိုးပမ်းခြင်း သို့မဟုတ် စစ်ရေး သို့မဟုတ် စီးပွားရေးအကျိုးအတွက် ဉာဏတီထွင်မှုများ ခိုးယူခြင်းတို့ ကြိုးစားနိုင်သည်။ ထို့အပြင်၊ နိုင်ငံခြား အစိုးရများသည် တက္ကသိုလ်သင်ရိုးညွှန်းတမ်းများကို ၎င်းတို့၏အကျိုးစီးပွားနှင့်အညီ လျှို့ဝှက်စွာ ပြုပြင်ရန် ကြိုးပမ်းခြင်း၊ နိုင်ငံတကာကျောင်းသားများကို စောင့်ကြည့်ခြင်းနှင့် ခြိမ်းခြောက်ခြင်းများ ပြုလုပ်နိုင်သည်။

၎င်းတို့ကို အောက်ပါပုံစံများဖြင့် တွေ့မြင်နိုင်ပါသည် -

- ဉာဏတီထွင်မှုအခွင့်အရေးများနှင့် စီးပွားရေးအကျိုးများကို နိုင်ငံခြားနိုင်ငံသို့သာ အများအားဖြင့် ရရှိစေမည့် မညီမျှသောသဘောတူညီချက်များကို တက္ကသိုလ်များအား စီးပွားရေးဖိအားပေး၍ လက်မှတ်ရေးထိုးစေခြင်း။
- နိုင်ငံခြားအကျိုးနှင့်ကိုက်ညီစေရန် ပညာရေးလွတ်လပ်စွာ စူးစမ်းရှာဖွေခွင့်၊ ဆွေးနွေးမှုဘာသာစကား၊ သုတေသနခေါင်းစဉ်များ သို့မဟုတ် သင်ခန်းစာအကြောင်းအရာများကို လွှမ်းမိုးရန် ကြိုးပမ်းခြင်း။
- တက္ကသိုလ်ဝင်းအတွင်း နိုင်ငံခြားအစိုးရ၏ အမြင်နှင့်မကိုက်ညီသော အမြင်များကို ဖော်ပြခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့်များကို ဟန့်တားရန် ကြိုးပမ်းခြင်း။

**ဥပမာ- တက္ကသိုလ်များနှင့် သုတေသန**

ကာကွယ်ရေးနှင့်သက်ဆိုင်သော နည်းပညာကို သုတေသနပြုလုပ်နေသည့် ပညာရှင်တစ်ဦးသည် နိုင်ငံခြားတစ်နိုင်ငံရှိ ညီလာခံတစ်ခုတွင် ပါဝင်ခဲ့ပြီး၊ ညီလာခံကျင်းပသူများက သူတို့၏ ကုန်ကျစရိတ်အားလုံးကို ကျခံပေးခဲ့သည်။ ညီလာခံ ကျင်းပသူများသည် ထိုပညာရှင်အားသိမ်းသွင်းရန် ဤညီလာခံကို အသုံးပြုခဲ့သည်။ ညီလာခံပြီးဆုံးသွားသောအခါ ထိုပညာရှင်သည် ဩစတြေးလျသို့ ပြန်လာခဲ့ပြီး ဩစတြေးလျ၏ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးဦးစားပေးများ အကြောင်းကို ထိုနိုင်ငံခြားနိုင်ငံတွင် နေထိုင်သော ညီလာခံတက်ရောက်သူများထံ ပေးပို့ခဲ့သည်။ ဤအချက်ကြောင့် ဩစတြေးလျ၏ နိုင်ငံတော်လုံခြုံရေး ကျဆင်းလာခဲ့သည်။

## စက်မှုလုပ်ငန်း

နိုင်ငံခြားပါဝင်ဖက်စွက်မှုများသည် ဩစတြေးလျလုပ်ငန်းများ စွမ်းဆောင်ရည်နှင့် အမြတ်အစွန်းကို လျော့နည်းစေနိုင်ပြီး၊ ကျွန်ုပ်တို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကာကွယ်ရေးစွမ်းရည်နှင့် မိတ်ဖက်နိုင်ငံများ၏ ယုံကြည်မှုကို ထိခိုက်စေနိုင်သည်။ နည်းပညာများ၊ အရေးကြီးသတ္တုများနှင့် အရေးပါသည့်အခြေခံအဆောက်အအုံများသည် နိုင်ငံခြားအစိုးရများ၏ အဓိက စိတ်ဝင်စားသည့် နယ်ပယ်များဖြစ်သည်။

စက်မှုလုပ်ငန်းအားနည်းစေရန် အသုံးပြုသည့် နည်းလမ်းများတွင် အောက်ပါတို့ ပါဝင်သည်-

- နိုင်ငံတကာမိတ်ဖက်များ၏ ဆက်သွယ်ပေါင်းစည်းမှု၊ ရည်ရွယ်ချက်များကို တမင်ဖုံးကွယ်ထားသော ဖက်စပ်လုပ်ငန်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ။
- အခြားနိုင်ငံများ၏ စီးပွားရေးနှင့် စစ်ရေးအကျိုးစီးပွားအတွက် ဩစတြေးလျ၏ သုတေသနနှင့် နည်းပညာများကို ရရှိရန် စီးပွားရေးသဘောတူညီချက်များကို အသုံးပြုခြင်း။
- ဩစတြေးလျ၏ အရေးကြီးစီးပွားရေးကဏ္ဍများတွင် စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်စေရန် ဈေးကွက်များနှင့် ထောက်ပံ့ရေးကွင်းဆက်များကို ပြောင်းလဲစီမံခြင်း။

**ဥပမာ- စက်မှုလုပ်ငန်းများတွင် ပူးပေါင်းလုပ်ကိုင်ခြင်း**

ဩစတြေးလျကုမ္ပဏီတစ်ခုသည် နိုင်ငံခြားအစိုးရပိုင်လုပ်ငန်း (SOE) နှင့် ဖက်စပ်လုပ်ကိုင်ခဲ့သည်။ ထိုနိုင်ငံခြား SOE သည် နိုင်ငံခြားအစိုးရ၏ ထောက်လှမ်းရေးလုပ်ငန်းများနှင့် နီးကပ်သော ဆက်ဆံရေးရှိသည်။ နိုင်ငံခြား SOE သည် စီမံကိန်းတွင် အရင်းအနှီးများစွာထည့်ဝင်ကာ ဩစတြေးလျ ကုမ္ပဏီတွင် ရွှေ့ပြောင်းအစီအစဉ်လုပ်ရန် စီစဉ်ခဲ့သည်။ ဩစတြေးလျကုမ္ပဏီသည် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံတော်လုံခြုံရေးအန္တရာယ်များကို သတိပြုမိသော်လည်း စီးပွားရေးအကြောင်းပြချက်များကြောင့် မည်သို့ပင်ဖြစ်စေ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ နောက်ပိုင်းတွင် ထိုဖက်စပ်လုပ်ငန်းကြောင့် ထိုကုမ္ပဏီသည် နိုင်ငံခြားနှောင့်ယှက်မှုနှင့် တန်ပြန်ထောက်လှမ်းမှုတို့ကို ဖြစ်ပေါ်စေခဲ့သည်။

## သတင်းစာနယ်ဇင်းနှင့် ဆက်သွယ်ရေး

အားကောင်းသော ဒီမိုကရေစီစနစ်များသည် ယုံကြည်ရသောသတင်းရရှိမှု၊ လွတ်လပ်စွာပြောဆိုခွင့်နှင့် လွတ်လပ်သော သတင်းစာနယ်ဇင်းစသော လက္ခဏာများ ရှိကြသည်။ သတင်းစာနယ်ဇင်းနယ်ပယ်တွင် နိုင်ငံခြားနှောင့်ယှက်မှုများသည် ဩစတြေးလျနိုင်ငံသားများ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် မှန်ကန်သော သတင်းအချက်များရရှိမှုကို ထိခိုက်စေနိုင်ပြီး၊ လူမှုအသိုင်းအဝိုင်း၏ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေနိုင်သည်။

၎င်းတို့ကို အောက်ပါပုံစံများဖြင့် တွေ့မြင်နိုင်ပါသည် -

- နိုင်ငံခြားအစိုးရ၏ အကျိုးစီးပွားကို ဖြည့်ဆည်းပေးရန်နှင့် ဒီမိုကရေတီအခြေခံအယူအဆများကို လျှော့နည်းစေရန် မှားယွင်းသောသတင်းအချက်အလက်များကို ဇာတ်လမ်းဆင်ခြင်းနှင့် ပျံ့နှံ့စေခြင်းရန် ဆောင်ရွက်ခြင်း။
- ပြည်သူများထံဖြန့်ဝေသော သတင်းအချက်အလက်များကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းသောအားဖြင့် သတင်းထောက်များ၊ စာနယ်ဇင်းပညာရှင်များအား စည်းရုံးခြင်း
- သတင်းများဖြတ်တောက်ခြင်း သို့မဟုတ် စာနယ်ဇင်းပညာရှင်များ၊ လှုပ်ရှားသူများနှင့် နိုင်ငံရေးသမားများအား နှောင့်ယှက်ခြင်း၊ သိက္ခာကျဆင်းစေခြင်းတို့ကဲ့သို့သော ဩစတြေးလျစာနယ်ဇင်းများတွင် ဝေဖန်ရေးအမြင်များကို ကန့်သတ်ထိန်းချုပ်ရန် ကြိုးပမ်းခြင်း။

### ဥပမာ- လွတ်လပ်သောသတင်းဖော်ပြခြင်းကို အားနည်းစေခြင်း

သတင်းစာတစ်ခု၏ အယ်ဒီတာများအား အုပ်ချုပ်ရေးဘုတ်အဖွဲ့မှ နိုင်ငံရေးကိစ္စအချို့အတွက်သတင်းများကို ကန့်သတ်ရန် ဖိအားပေးခဲ့သည်။ အယ်ဒီတာများမသိရှိသည့်အချက်မှာ ဘုတ်အဖွဲ့ဝင်အချို့တွင် နိုင်ငံခြားအစိုးရနှင့် ဆက်နွယ်မှုများ လျှို့ဝှက်စွာ ရှိနေပြီး၊ ထိုနိုင်ငံခြားအစိုးရ၏ ရပ်တည်ချက်နှင့်ကိုက်ညီစေရန် ယခုနိုင်ငံရေးကိစ္စနှင့် ပတ်သက်သည့် ဆန့်ကျင်သတင်းများလျှော့ချရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ဤသို့ဘက်လိုက်သတင်းများကြောင့် ပြည်သူများ၏ ထိုနိုင်ငံရေးကိစ္စအပေါ် အသိပညာနှင့် သတင်းဌာနအပေါ် ယုံကြည်မှုတို့သည် တဖြည်းဖြည်း နည်းပါးလာခဲ့ပြီး နောက်ဆုံး ဩစတြေးလျစာနယ်ဇင်းအားလုံးအပေါ် ပြည်သူတို့၏ ယုံကြည်မှုပါ ထိခိုက်လာသည်။

# နိုင်ငံခြားပါဝင်ဖက်စွက်မှုအန္တရာယ်နည်းပါးရန် သင်မည်သို့လုပ်နိုင်သနည်း

နိုင်ငံခြားနှောင့်ယှက်မှုကို တန်ပြန်ရန် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့သည် ထိုခြိမ်းခြောက်မှုကို သတိထားရပါမည်။ နိုင်ငံခြားနှောင့်ယှက်မှုအပေါ် ကျွန်ုပ်တို့၏ စုပေါင်းခံနိုင်ရည်အား တိုးမြှင့်ခြင်းသည် အားလုံးမျှဝေယူရမည့် တာဝန်တစ်ရပ် ဖြစ်ပါသည်။

သြစတြေးလျအစိုးရသည် နိုင်ငံခြားနှောင့်ယှက်မှုလုပ်ရပ်များ လျော့ပါးသက်သာစေရန်နှင့် တုံ့ပြန်ရန်အတွက် တစ်ဦးချင်းအပြင် ကဏ္ဍများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

## တစ်ဦးချင်းအနေဖြင့်

- သင် တစ်နည်းနည်းဖြင့် ခြိမ်းခြောက်ခံရသည် သို့မဟုတ် မလုံခြုံဟု ခံစားရပါက ရဲတပ်ဖွဲ့ထံ ဆက်သွယ်ပါ -

  – ချက်ချင်းခြိမ်းခြောက်မှုများအတွက် ၀၀၀ကို သုံးပါ၊ သို့မဟုတ်

  – ချက်ချင်းမဟုတ်သော ခြိမ်းခြောက်မှုများအတွက် ၁၃ ၁၄ ၄၄။

- သင့်အား နိုင်ငံခြားနှောင့်ယှက်မှုဆောင်ရွက်မှုများက ပစ်မှတ်ထားခံရသည်ဟု ထင်ပါက၊ နိုင်ငံတော် အမျိုးသားလုံခြုံရေး အထူးဖုန်းလိုင်း [Australian National Security] သို့ သတင်းပို့ပါ။ အမည်မဖော်ပြဘဲ သတင်းပို့နိုင်ပါသည်။

- သင် အွန်လိုင်းတွင် တွေ့သူတိုင်းသည် မည်သူမည်ဝါဟု မပြောကြပါ။ သတင်းအချက်မျှဝေခြင်း သို့မဟုတ် အပေါင်းအဖော်အသစ်များနှင့် အစီအစဉ်များဆွဲခြင်းမလုပ်မီ၊ အခြားသူများ၏ အထောက်အထားနှင့် ရည်ရွယ်ချက်များနှင့် ဖြစ်နိုင်သောအန္တရာယ်များအကြောင်း သေချာစဉ်းစားပါ [Think before you link | ASIO]။.

- လိုင်းပေါ်တွင် ဘေးကင်းပါစေ[Protect yourself | Cyber.gov.au].

- ယုံကြည်စိတ်ချရသော စာနယ်ဇင်းများနှင့် စစ်ဆေးခြင်းဖြင့် သတင်းအတုနှင့် မဟုတ်မမှန်သတင်းများကို မည်သို့ ခွဲခြားရမည်ကို လေ့လာပါ။ လူမှုကွန်ရက်ပေါ် ရှိ သတင်းအချက်များကို ဝေဖန်ပိုင်းခြားပြီး ဘက်လိုက်မှုများကို စစ်ဆေးပါ။

- ရွေးကောက်ပွဲဆိုင်ရာအကြောင်းများအတွက် - ရပ်ပြီး စဉ်းစားပါ [stop-and-consider-external-flyer.pdf (aec.gov.au)]၎င်းအကြောင်းသည် ယုံကြည်စိတ်ချရသော အရင်းအမြစ်မှ လာပါသလား။ မည်သည့်အချိန်က ထုတ်ဝေခဲ့ပါသလဲ။ လိမ်လည်မှုတစ်ခု ဖြစ်နိုင်ပါသလား။

- အွန်လိုင်းမတရားပြုမှုကြီးမားပါက လိုင်းပေါ် ဘေးကင်းရေးမဟာမင်းကြီးထံ တိုင်ကြားပါ https://esafety.gov.au/report.

- သြစတြေးလျရှိ သံတမန် သို့မဟုတ် ကောင်စစ်ဝန်အရာရှိများ၏ မသင့်လျော်သောအပြုအမူနှင့် ပတ်သက်၍ အလေးထားစရာများ ရှိပါက နိုင်ငံခြားရေးရာနှင့် ကုန်သွယ်မှုဌာန၏ လုပ်ငန်းဆင့်များဌာနခွဲသို့ တိုင်ကြားပါ။ Protocol.branch@dfat.gov.au.

- နိုင်ငံခြားအစိုးရ၊ နိုင်ငံခြားနိုင်ငံရေးအဖွဲ့အစည်းတစ်ခု သို့မဟုတ် နိုင်ငံခြားအစိုးရနှင့် သက်ဆိုင်သော အဖွဲ့အစည်း သို့မဟုတ် တစ်ဦးချင်းကိုယ်စား လှုပ်ရှားမှုများဆောင်ရွက်ရန် သင့်အား ပြောဆိုပါက၊ သင့်လှုပ်ရှားမှုများကို Foreign Influence Transparency Scheme အောက်တွင် စာရင်းသွင်းရန် လိုမလို စုံစမ်းပါ [Foreign Influence Transparency Scheme | Attorney-General's Department]။

- နိုင်ငံခြားပါဝင်ဖက်စွက်မှုသည် သင့်စိတ်ကျန်းမာရေးနှင့် ကျန်းမာပျော်ရွှင်ရေးကို ထိခိုက်စေနိုင်သည်။ အောက်ပါ ပံ့ပိုးကူညီမှုလုပ်ငန်းများသည် အခမဲ့ဖြစ်ပြီး မည်သည့်အချိန်မဆို ရရှိနိုင်သော၊ လျှို့ဝှက်ထားပြီး ကျွမ်းကျင်သော အကြံဉာဏ်များကို ပေးပါသည်။

  – Lifeline: ၁၃ ၁၁ ၁၄

  – Beyond Blue: ၁၃၀၀ ၂၂၄ ၆၃၆

## အစိုးရနှင့် စက်မှုလုပ်ငန်းများအနေဖြင့်

ခြိမ်းခြောက်မှုများကို သတိပြုထားပြီး ပူးပေါင်းဆောင်ရွက်မှုသစ်များ မပြုလုပ်မီ လုံ့လဝီရိယရှိရှိ လုပ်ဆောင်ခြင်းဖြင့် သင့်ကိုယ်သင်၊ သင့်အဖွဲ့အစည်း၊ သင့်ဂုဏ်သိက္ခာနှင့် သင့်အလုပ်ကို ကာကွယ်ပါ။

- သတင်းပေးရမည့် ဖြစ်ရပ်များ ခြိမ်းခြောက်မှုများနှင့် အသိပေးနိုင်သည့်တွေ့ရှိချက်များ (NITRO) လမ်းကြောင်း ၎င်းသည် ကာကွယ်ရေး၊ ပညာရေးနှင့် ဩစတြေးလျစီးပွားရေးများနှင့်ပတ်သက်သော ဖြစ်နိုင်ချေရှိ တန်ပြန်ထောက်လှမ်းမှု၊ နိုင်ငံခြားနှောင့်ယှက်မှု၊ ဌာနတွင်းခြိမ်းခြောက်မှုအတွက် အလေးထားစရာများ သတင်းပို့ရာတွင် လုံခြုံရေးကင်းရှင်းရေးမရှိသူများအတွက် စီစဉ်ထားသည့် စိတ်ချရသော အင်တာနက် လမ်းကြောင်းတစ်ခု ဖြစ်ပါသည်။

  – NITRO သည် ASIO၏ ဝက်ဆိုဒ် ရနိုင်ပါသည် nitro.asio.gov.au။

- ဩစတြေးလျရှိ သံတမန် သို့မဟုတ် ကောင်စစ်ဝန်အရာရှိများ၏ မသင့်လျော်သောအပြုအမူနှင့် ပတ်သက်၍ အလေးထားစရာများ ရှိပါက နိုင်ငံခြားရေးရာနှင့် ကုန်သွယ်မှုဌာန၏ လုပ်ငန်းဆင့်များဌာနခွဲသို့ တိုင်ကြားပါ။ Protocol.branch@dfat.gov.au.

- ခိုင်မာသောလုံခြုံရေးအကျင့်ကို ထူထောင်၍ လူများ၊ သတင်းနှင့် ပိုင်ဆိုင်မှုများကို လုံခြုံရေး အန္တရာယ်များမှ ကာကွယ်ရန် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ထားရှိပါ [Protective Security Policy Framework]

- ခိုင်မာသော လိုင်းပေါ် ဘေးကင်းရေးထိန်းချုပ်မှုများ ထားရှိပါ။

  – Report incidents to the Australian Cyber Security Centre (ACSC) [Report and recover | Cyber.gov.au]။

  – ACSC ပူးတွဲဆောင်ရွက်သူအဖြစ် မှတ်ပုံတင်ပါ [Australian Signals Directorate’s Cyber Security Partnership Program | Cyber.gov.au]။

- ဌာနအတွင်း ခြိမ်းခြောက်မှုအန္တရာယ်များ ထည့်သွင်းစဉ်းစားပြီး ဝန်ထမ်းအင်အားစိစစ်ခြင်း၊ အကျိုးစီးပွားကွဲလွဲမှု အစီအစဉ်များ၊ အရည်အချင်းစစ်ဆေးမှုများ၊ စာရင်းစစ်ခြင်းများ၊ လိမ်လည်မှုများနှင့် ကျင့်ဝတ်မူဘောင်များ အကောင်အထည်ဖော်ပါ [Countering the Insider Threat: A guide for Australian Government]။

- ကုမ္ပဏီ၊ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ ဇာတိနိုင်ငံသည် စီပွားရေးဆောင်ရွက်ချက်လုပ်ငန်းဌာန၏ ညွှန်ကြားချက်ဝင် သို့မဟုတ် အန္တရာယ်ရှိစာရင်းဝင် နိုင်ငံခြားတိုင်းပြည် ဟုတ်မဟုတ် စစ်ဆေးပါ[Home (fatf-gafi.org)]။

- သဘောတူညီချက်၊ ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ပူးပေါင်းအဖွဲ့တစ်ခုခုတွင် ကျင့်သုံးမည့် ဉာဏတီထွင်မှု ပိုင်ဆိုင်မှု သို့မဟုတ် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို နားလည်ပါ။ ခိုးယူခြင်း သို့မဟုတ် မတော်တဆ ပျက်စီးနိုင်ဖွယ် အသုံးပြုမှုအပါအဝင် ဉာဏတီထွင်မှု ပိုင်ဆိုင်မှုကိုကာကွယ်ရန် အစီအစဉ် ရှိပါစေ [Secure your success | ASIO]။

- အလားအလာရှိ ဖက်စပ်များ၊ ဘုတ်အဖွဲ့ဝင်များ၊ ဒါရိုက်တာများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် အောက်ပါတို့ကို စဉ်းစားပါ။

  – ဩစတြေးလျဒဏ်ခတ်ပိတ်ဆို့မှုပါ လူပုဂ္ဂိုလ်နှင့် ကုန်သွယ်မှုစာရင်းကို နိုင်ငံခြားရေးရာနှင့် ကုန်သွယ်မှုဌာနတွင် စစ်ဆေးပါ [Consolidated List | Australian Government Department of Foreign Affairs and Trade (dfat.gov.au)].

  – နိုင်ငံရပ်ခြားမှ အစိုးရများ၊ နိုင်ငံရေးအဖွဲ့များ၊ အစိုးရနှင့်သက်ဆိုင်သူများ သို့မဟုတ် အဖွဲ့နှင့်ပတ်သက်မှု ရှိကြောင်း သိထားရန် နိုင်ငံခြားဩဇာလွှမ်းမိုးမှုပွင့်လင်းမြင်သာမှုအစီအစဉ်မှတ်ပုံတင်ခြင်းနှင့် စစ်ဆေးပါ [Transparency Register - Transparency Register (ag.gov.au)]

  – ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် သင့်လျော်စွာ မှတ်ပုံတင်ထားကြောင်း စစ်ဆေးပါ။ နိုင်ငံအတွင်း၊ ၎င်းကို ဩစတြေးလျစီးပွားရေးမှတ်ပုံတင်[ABN Lookup (business.gov.au)] နှင့် ဩစတြေးလျအာမခံနှင့် ရင်းနှီးမြှုပ်နှံရေးကော်မရှင် [Search ASIC's Registers | ASIC] တွင် စစ်ဆေးနိုင်သည်။

  – လုပ်ငန်းဆက်နွယ်မှုတစ်ခုသို့ ဝင်ရောက်ရန် စဉ်းစားသည့်အခါ ကုမ္ပဏီနှင့် ရှယ်ယာရှင်ဖွဲ့စည်းပုံများ၊ မူရင်းပိုင်ရှင်များနှင့် အသံတိတ်ပါတနာများကို အတည်ပြုပါ။

  – မည်သည့်သတင်း၊ စနစ်များနှင့် နည်းပညာများကို ရယူသုံးစွဲနိုင်မည် သို့မဟုတ် လုပ်ငန်းဆက်ဆံရေးတွင် ပံ့ပိုးပေးမည်ကို ထည့်သွင်းစဉ်းစားပြီး သဘောတူညီချက်များကို အဆုံးသတ်ရန် ထိရောက်သော အပိုဒ်များ ရှိပါစေ။

  – ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ မူလနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးသည် တရားမျှတပြီး သာတူညီမျှရှိ၊ မရှိနှင့် အစိုးရနှင့် ထောက်လှမ်းရေးဌာနများမှ သတင်းနှင့် အချက်အလက်များကို တရားဝင် ရယူခွင့် ပြုထားခြင်း ရှိ၊ မရှိကို ထည့်သွင်းစဉ်းစားပါ။

# နိုင်ငံခြားပါဝင်ဖက်စွက်မှုကို တားဆီးရန် အစိုးရက မည်သည်တို့ ဆောင်ရွက်နေသနည်း

သြစတြေးလျအစိုးရသည် နိုင်ငံခြားပါဝင်ဖက်စွက်မှုမှ ဖြစ်လာမည့်အန္တရာယ်များ တုံ့ပြန်ရန်နှင့် သြစတြေးလျနိုင်ငံ၏ နိုင်ငံတော် အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ဥပဒေနှင့် အခြားအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

## ဥပဒေရေးဆွဲချမှတ်ခြင်း

သြစတြေးလျအစိုးရသည် နိုင်ငံခြားနှောင့်ယှက်မှုလုပ်ရပ်များကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ရန် ခိုင်မာသောဥပဒေဘောင် ရှိပါသည်။ ရာဇဝတ်ကျင့်ထုံးဥပဒေ ၁၉၉၅ (ရာဇဝတ်ကျင့်ထုံး)အရ ပုဂ္ဂိုလ်တစ်ဦးမှ  လှည့်ဖြား၍ သို့မဟုတ် ခြိမ်းခြောက်၍ အောက်ပါတို့ကို ဖြစ်စေလိုသည့် လုပ်ရပ်များကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။

- သြစတြေးလျ၏ ဒီမိုကရေစီ စနစ်များနှင့် လုပ်ငန်းစဉ်များအပေါ် လွှမ်းမိုးမှု၊
- ဒီမိုကရေစီ သို့မဟုတ် နိုင်ငံရေးအခွင့်အရေး သို့မဟုတ် တာဝန်ကို ကျင့်သုံးခြင်းအပေါ် လွှမ်းမိုးမှု၊
- နိုင်ငံခြားအစိုးရ၏ ထောက်လှမ်းရေးလုပ်ငန်းများကို ပံ့ပိုးကူညီခြင်း သို့မဟုတ်
- သြစတြေးလျနိုင်ငံ၏ နိုင်ငံတော်လုံခြုံရေးကို ပျက်ပြားလိုမှု။

နိုင်ငံခြားပါဝင်ဖက်စွက်မှုကို ရာဇဝတ်ကျင့်ထုံးဥပဒေအရ ထောင်ဒဏ် အနှစ် ၂၀ အထိ ချမှတ်နိုင်သည်။

နိုင်ငံခြားရေးဆောင်ရွက်ချက်အစီအစဉ်သည် အစိုးရတက္ကသိုလ်များ၊ ပြည်နယ်နှင့် နယ်မြေအစိုးရများနှင့် နိုင်ငံခြား အဖွဲ့အစည်းများအကြား စီမံဆောင်ရွက်မှုများသည် သြစတြေးလျ၏ နိုင်ငံခြားဆက်ဆံရေးကို ဆိုးရွားစွာ မထိခိုက်စေဘဲ သြစတြေးလျ၏ နိုင်ငံခြားရေးမူဝါဒနှင့် ကိုက်ညီကြောင်း သေချာစေပါသည်။  ပိုမိုသိရှိလိုပါက၊ ဤတွင် ဝင်ရောက်ကြည့်ရှုပါ Foreign Arrangements။

*နိုင်ငံခြားသက်ရောက်မှု ပွင့်လင်းမြင်သာရေးအစီအစဉ် ဥပဒေ ၂၀၁၈*မှ ချမှတ်ထားသော နိုင်ငံခြားသက်ရောက်မှု ပွင့်လင်း မြင်သာရေး အစီအစဉ်အရ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် နိုင်ငံခြားအဖွဲ့ကိုယ်စား သြစတြေးလျတွင် လုပ်ဆောင်နေသော လုပ်ငန်းအချို့ကို မှတ်ပုံတင်ရန် လိုအပ်ပါသည်။ ၎င်းသည် သြစတြေးလျအစိုးရနှင့် နိုင်ငံရေးအပေါ် နိုင်ငံခြားသက်ရောက်မှု၏ သဘောသဘာဝ၊ အဆင့်နှင့် အတိုင်းအတာတို့ကို အများပြည်သူအား နားလည်နိုင်စွမ်း ရှိစေပါသည်။  ပိုမိုသိရှိလိုပါက၊ ဤတွင် ဝင်ရောက်ကြည့်ရှုပါ FITS webpage။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မူဘောင်သည် သြစတြေးလျတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံခြားကုမ္ပဏီများ၏ သတ်မှတ်ချက်များအပေါ် အဆိုပြုချက်များကို ပြန်လည်သုံးသပ်ပြီး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် သြစတြေးလျနိုင်ငံ၏ နိုင်ငံတော် အကျိုးစီးပွား နှင့် မဆန့်ကျင်ကြောင်း သေချာစေပါသည်။ ပိုမိုသိရှိလိုပါက ဤတွင် ဝင်ရောက်ကြည့်ရှုပါ www.foreigninvestment.gov.au။

*သြစတြေးလျ၏ အရေးကြီးနည်းပညာများကို ကာကွယ်ခြင်း(PACT) ဗီဇာစစ်ဆေးခြင်း* မူဘောင်သည် အရေးကြီးနည်းပညာ နှင့် ဆက်စပ်နယ်ပယ်များတွင် ပညာသင်ကြားလိုသော ဗီဇာလျှောက်ထားသူများအတွက် ပိုမိုကောင်းမွန်သော စိစစ်မှုကို သေချာစေပြီး၊ သြစတြေးလျ၏ အဖွဲ့အစည်းများကို မလိုလားအပ်သော အရေးကြီးသောနည်းပညာများ လွှဲပြောင်းခြင်းမှ ကာကွယ်ပေးပါသည်။

အရေးကြီးသောအခြေခံအဆောက်အဦ လုံခြုံရေး (SOCI) ဥပဒေ ၂၀၁၈သည် အရေးပါသော အခြေခံအဆောက်အအုံ ပိုင်ဆိုင်မှုများတွင် ပိုင်ဆိုင်၊ လုပ်ကိုင်နေသူ သို့မဟုတ် တိုက်ရိုက်အကျိုးစီးပွားရှိသူများအတွက် တရားဝင်ဝတ္တရားများကို အလေးပေးဖော်ပြထားသည်။

## ထပ်ဆောင်းဆောင်ရွက်ချက်များ

### နိုင်ငံခြားပါဝင်စွက်ဖက်မှု တန်ပြန်ရေး တာဝန်အဖွဲ့ (CFI Taskforce)

ဩစတြေးလျ လုံခြုံရေးထောက်လှမ်းရေးအဖွဲ့နှင့် ဩစတြေးလျနိုင်ငံ ရဲတပ်ဖွဲ့ တို့မှ ဦးဆောင်သော CFI Taskforce သည် တန်ပြန်ထောက်လှမ်းမှုနှင့် နိုင်ငံခြားနှောင့်ယှက်မှုများကို ဖော်ထုတ်ရန်၊ စုံစမ်းစစ်ဆေးရန်၊ ဟန့်တားရန်နှင့် ဖြစ်နိုင်လျှင် နိုင်ငံခြားနှောင့်ယှက်မှုကို တရားစွဲဆိုရန် ဆောင်ရွက်ပါသည်။

### နိုင်ငံခြားပါဝင်စွက်ဖက်မှုဆိုင်ရာ တန်ပြန်ရေး ညှိနှိုင်းမှုဌာန (CFICC)

ပြည်ထဲရေးဝန်ကြီးဌာနအတွင်း၊ CFICC သည် နိုင်ငံခြားနှောင့်ယှက်မှုကို တန်ပြန်ရန် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုတစ်ခုလုံးကို ပေါင်းစပ်ညှိနှိုင်းရန်နှင့် CFI မူဝါဒနှင့် အခြားအေဂျင်စီများနှင့်အတူ ဖြန့်ကျက်ခြင်းဆိုင်ရာ ဦးဆောင်မှုပေးရန် နိုင်ငံတော်နိုင်ငံခြားဝင်ရောက်စွက်ဖက်မှုဆိုင်ရာ တန်ပြန်ရေး ညှိနှိုင်းမှုအရာရှိကို ပံ့ပိုးပေးပါသည်။

### တက္ကသိုလ် နိုင်ငံခြားပါဝင်စွက်ဖက်မှု တာဝန်အဖွဲ့ (UFIT)

UFIT သည် အဆင့်မြင့်ပညာရေးကဏ္ဍတွင် နိုင်ငံခြားနှောင့်ယှက်မှုအန္တရာယ်ကို ဖြေရှင်းရန်အတွက် တက္ကသိုလ်ကဏ္ဍနှင့် ဩစတြေးလျအစိုးရဌာနများကို အတူတကွပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

### နည်းပညာ နိုင်ငံခြားပါဝင်စွက်ဖက်မှု တာဝန်အဖွဲ့ (TechFIT)

TechFIT သည် အရေးကြီးသော နည်းပညာကဏ္ဍများတွင် နိုင်ငံခြားနှောင်ယှက်မှု၏ခြိမ်းခြောက်မှုကို ဖြေရှင်းရန်အတွက် နည်းပညာကဏ္ဍနှင့် ဩစတြေးလျအစိုးရဌာနများကို အတူတကွပူးပေါင်းလုပ်ဆောင်ပါသည်။

### ရွေးကောက်ပွဲတည်ငြိမ်ခိုင်မာမှု အာမခံနိုင်ရေး တာဝန်အဖွဲ့ (EIAT)

EIAT သည် နိုင်ငံခြားနှောင့်ယှက်မှု၏ ခြိမ်းခြောက်မှုအပါအဝင် ဩစတြေးလျနိုင်ငံရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သက်ရောက်မှုရှိနိုင်သော ကိစ္စရပ်များအတွက် သတင်းနှင့် အကြံဉာဏ်များ ပေးဆောင်ပါသည်။ ပိုမိုသိရှိလိုပါက ဤတွင် ဝင်ရောက်ကြည့်ရှုပါ [Electoral Integrity Assurance Taskforce webpage.]

### စာနယ်ဇင်း/ဒစ်ဂျစ်တယ်တတ်မြောက်မှု အစပျိုးမှုများ

ဩစတြေးလျအစိုးရသည် ဒစ်ဂျစ်တယ်တတ်မြောက်မှုတည်ဆောက်ရန်၊ ပြည်သူ့အကျိုးစီးပွားအတွက် သတင်းစာပညာကို ပံ့ပိုးပေးပြီး မီဒီယာ မတူကွဲပြားမှုကို ကာကွယ်ရန် အစီအစဉ်များကို ပံ့ပိုးပေးပါသည်။